(အသင့်)
မှတ်ပုံတင်ဌာနခွဲ

၇၀၈
၂၃.၆.၁၆

ကုန်သွယ်ရေးဦးစီးဌာန ★ ၂၉၉၇ နေပြည်တော် ၂၃.၆.၁၆ ★ မှတ်ပုံတင်ခြင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဌာနခွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

စာအမှတ်၊ကသရ(ဦး)မှု၀၁(၁)/၂၀၁၆-၂၀၁၇(၀၇၅၅)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဇွန် လ ၂၃ ရက်

အကြောင်းအရာ။ **Re-export ဖြင့် ထပ်မံခွင့်ပြုသည့် ပစ္စည်းအမယ်များအကြောင်းကြားခြင်း**

ရည် ညွှန်း ချက်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ စက-၁၅/၂-၄၉/၂၀၁၆ (၈)

၁။ Re-export ဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများအား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၉/၂၀၁၆) အစည်းအဝေးမှ အတည်ပြုချက်ဖြင့် ကုန်သွယ်ရေးဦးစီးဌာန၏ ၇-၃-၂၀၁၆ ရက်စွဲပါ ရုံးတွင်းညွှန်ကြားစာ (၁/၂၀၁၆) ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ Re-export ဆောင်ရွက်ခွင့်ပြုသည့် ပစ္စည်းများနှင့်ပတ်သက်၍ သာမန်အားဖြင့် တင်သွင်း၊ တင်ပို့ခွင့်ကန့်သတ်ထားသည့် ကုန်ပစ္စည်းများမှလွဲ၍ မည်သည့်ကုန်ပစ္စည်းကိုမဆို Re-export စနစ်ဖြင့် ကုန်သွယ်ခွင့်လျှောက်ထားနိုင်ကြောင်း၊ လျှောက်ထားသည့် ကုန်ပစ္စည်းအမယ်အပေါ်လိုက်၍ ပြည်တွင်းဈေးကွက်၊ မိမိနိုင်ငံထွက် ကုန်ပစ္စည်းများ၏ ထုတ်လုပ်နိုင်မှု၊ ဈေးကွက်အလားအလာနှင့် ကုန်စည်စီးဆင်းမှုအခြေအနေစိစစ်၍ Re-export ခွင့်ပြုပေးမည်ဖြစ်ပြီး **Re-export ဆောင်ရွက်မှု အားလုံးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Re-export သွင်းကုန်လိုင်စင်/ ပို့ကုန်လိုင်စင်လျှောက်ထားရန်** လိုအပ်ကြောင်း မူအားဖြင့် သတ်မှတ်ထားပြီးလက်ရှိ၌ သကြား၊ ကွမ်းသီး၊ စက်သုံးဆီတို့အား Re-export စနစ်ဖြင့် ကုန်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ထပ်မံ၍ ကားတာယာများကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် တင်သွင်း၍ မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ရန် ပြည်ပကုမ္ပဏီမှ ကမ်းလှမ်းလာကြောင်း၊ လက်ရှိ၌ မြန်မာနိုင်ငံအတွင်း အသုံးပြုနေသော ကားတာယာများမှာ ပြည်ပမှတင်သွင်းပြီး ပြည်တွင်း၌ ဈေးကွက်လုံလောက်အောင် ထုတ်လုပ်နိုင်ခြင်းမရှိသေးသဖြင့် ပြည်တွင်းဈေးကွက်ကို ထိခိုက်နိုင်မှုမရှိကြောင်း၊ ၎င်းတို့အနေဖြင့် Re-export ဖြင့် တင်သွင်းသော ကားတာယာ များကို ပြည်တွင်းဈေးကွက်၌ ရောင်းချခြင်းမပြုကြောင်းကို ဝန်ခံကတိပြုပါကြောင်းနှင့် အကယ်၍ တစ်ဖက်ကုမ္ပဏီ၏ ကမ်းလှမ်း

ချက်အား လက်ခံဆောင်ရွက်မပေးနိုင်ပါက အခြား ဗီယက်နမ်၊ လာအို၊ ထိုင်း၊ ပါကစ္စတန် နိုင်ငံများမှ ဈေးကွက်ရရှိသွားနိုင်ခြင်းကြောင့် ယခု အခွင့်အရေးအား ဆောင်ရွက်ခွင့် ပြုပေးပါရန် ကုမ္ပဏီများမှ တင်ပြချက်အရလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပို့ကုန်ပမာဏ ၃ ဆ တိုးမြှင့်နိုင်ရန်နှင့် ကုန်သွယ်မှုလျာထားချက် ပြည့်မီကျော်လွန်စေရေးအတွက် ယခင် Re-export စတင်ခွင့်ပြုစဉ်က လုပ်ငန်းရှင်များမှ Re-export ဆောင်ရွက်လိုသည့် ကုန်ပစ္စည်းအမယ်များတင်ပြချက်အရလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ၁၇-၆-၂၀၁၆ ရက်နေ့ပြုလုပ်သည့် စီမံခန့်ခွဲရေးကော်မတီ (၆/၂၀၁၆) အစည်းအဝေးသို့ တင်ပြခွင့်ပြုချက်အရ အောက်ပါကုန်ပစ္စည်းအမယ်များအား Re-export ဖြင့်ဆောင်ရွက်ခွင့်ပြုရေးအတွက် ရည်ညွှန်းစာဖြင့် ခွင့်ပြုချက်ရရှိပြီး ဖြစ်ပါသည် -

| စဉ် | ပစ္စည်းအမည် | မှတ်ချက် |
|---|---|---|
| (က) | ကားတာယာ | ပင်လယ်ရေကြောင်းမှတင်သွင်း၍ မူဆယ်နယ်စပ်မှတစ်ဆင့် Re-export ပြန်လည်တင်ပို့ခွင့်ပြုရန်အတွက် ပြည်တွင်းရော်ဘာ မထွက်ရှိမီ စမ်းသပ်ကာလ (၃)လခွင့်ပြုပြီး အမှန်လုပ်ငန်းဆောင်ရွက်နိုင်မှုပမာဏ အပေါ် မူတည်သုံးသပ်၍ ဆက်လက်ခွင့်ပြုဆောင်ရွက်ရန်။ |
| (ခ) | နှမ်း(နှမ်းဖြူ၊နှမ်းနက်) | |
| (ဂ) | ငြုပ်သီးခြောက် | |
| (ဃ) | မြေပဲ | |
| (င) | ဝါဂွမ်း | |
| (စ) | ပဲပုတ်စေ့ | |
| (ဆ) | ချည်မျှင် | |
| (ဇ) | သစ်သီးအစို | |
| (ဈ) | လျှပ်စစ်ပစ္စည်းများ | |
| (ည) | အလှကုန်ပစ္စည်းများ | |
| (ဋ) | အချိုရည်အမျိုးမျိုးနှင့် စားသောက်ကုန်ပစ္စည်းများ | |

( ဌ ) အဝတ်အထည်

( ဍ ) စားသုံးဆီ

( ဎ ) ကြက်သွန်ဖြူ

၄။ Re-export ကုန်သွယ်မှုတိုးတက်ဖြစ်ထွန်းဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ ကန့်သတ်ပိတ်ပင်ထားသောအမယ်များ၊ လက်နက်၊ မူးယစ်ဆေးဝါးကဲ့သို့သော အမယ်များမှအပ ကျန်ကုန်ပစ္စည်းများအပေါ် ပြည်ပဈေးကွက်ဝယ်လိုအားနှင့် ပြည်တွင်းထုတ်လုပ်နိုင်မှု အခြေအနေတို့အရ Re-export စနစ်ဖြင့် လိုင်စင်လျှောက်ထားလာမှုများအား ဆက်လက်ခွင့်ပြုသွားမည် ဖြစ်ပါသည်။

၅။ သို့ပါ၍ အထက်အပိုဒ် (၃)ပါ ကုန်ပစ္စည်းအမယ်များအား Re-export လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အချိုရည်၊ စားသောက်ကုန် ကဲ့သို့သော ကုန်ပစ္စည်းများအတွက် သက်ဆိုင်ရာ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ထောက်ခံချက်ရယူ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း လုပ်ငန်းရှင်များသို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ဇော်မင်း

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

( ဇော်မင်း၊ ညွှန်ကြားရေးမှူး )

**ဖြန့်ဝေခြင်း**

ညွှန်ကြားရေးမှူး၊ ဌာနခွဲအားလုံး၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူး/ဒုတိယညွှန်ကြားရေးမှူး/လက်ထောက်ညွှန်ကြားရေးမှူး/ဦးစီးအရာရှိ

ကုန်သွယ်ရေးစခန်းအားလုံး၊ ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်၊ မန္တလေး၊ ကျိုင်းတုံ၊ မြစ်ကြီးနား)

ကုန်သွယ်ရေးဦးစီးဌာန

**မိတ္တူကို -**

ညွှန်ကြားရေးမှူးချုပ်ဦးစီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊(ကုန်သွယ်ရေးဌာန/ကုန်သွယ်မှုလွယ်ကူစေရေးနှင့်စေ့စပ်ညှိနှိုင်းရေး)

လက်ခံစာတွဲ/မျှောစာတွဲ